လျှို့ဝှက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဒုတိယဝန်ကြီးချုပ်ရုံး
ရန်ကုန်မြို့။

စာအမှတ်၊ (ဒု) ၀၁၇/ရင်းနှီး/၁(၃၉၉)။
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ ။ ရွှေဓါ သံ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက်မှ ပရိဘောဂထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ရွှေဓါ သံ့အင်တာနေရှင်နယ်ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်မှ ပရိဘောဂထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ရန်အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၂၉-၁၁-၉၆) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၉၆) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ရာယင်းအစည်းအဝေးမှ မူအားဖြင့်သဘောတူညီခဲ့ပြီး အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရအစိုးရအဖွဲ့သို့ဆက်လက်တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ မြေငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း)၊ ရှေ့ဆိုင်းငွေပေးချေခြင်းစနစ်အရစက်ပစ္စည်းဝယ်ယူရန်သဘောတူစာချုပ် (မူကြမ်း) တို့ကို နောက်ဆက်တွဲ (၁) အဖြစ်ပေးပို့ထားပါသည်။

၂။ ဤလုပ်ငန်း၏မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၀.၇၉ သန်း အပါအဝင်ကျပ် ၁၂.၂၅ သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ် ၂.၄၀ သန်း၊ စက်ပစ္စည်းကိရိယာတန်ဖိုးကျပ် ၄.၆၀ သန်း (အမေရိကန်ဒေါ်လာ ၀.၇၉ သန်း) မော်တော်ယာဉ်တန်ဖိုးကျပ် ၀.၂၂ သန်း၊ အဆောက်အဦတန်ဖိုးကျပ် ၂.၇၁ သန်း၊ မြေငှားရမ်းခတန်ဖိုးကျပ် ၀.၇၆ သန်း၊ ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းတန်ဖိုး ကျပ် ၀.၁၂ သန်း၊ ကြိုတင်စရိတ်ကျပ် ၀.၁၅ သန်းနှင့်ကုန်ကြမ်းတန်ဖိုးကျပ် ၁.၂၁ သန်းထည့်ဝင်မည်ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာများအတွက်အမေရိကန်ဒေါ်လာ ၀.၇၉ သန်းကို အီတလီနိုင်ငံ SOFIT S R L CO., မှ ချေးငွေရယူမည်ဖြစ်ပြီး သဘောတူညီသည့်နေ့မှ ၃၆ လအတွင်းတစ်လုံးတစ်ခဲတည်း အကြေပေးချေရမည်ဖြစ်ပါသည်။

လျှို့ဝှက်

၃။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ရွေးချယ်သော အင်တာနေရှင်နယ် ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ သစ်ခွဲစက် ဆောင်ရွက်ရန်အတွက် ဒေါ်ခင်ရီ၊ ဦးဖြိုးဆက်၊ ဗိုလ်ကြီးမိုးဆက်၊ ဗိုလ်ကြီးတိုးဆက် အမည်များဖြင့် ပါမစ် ပေးထားသော ပုလဲမြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေကွက်အမှတ် ၂၄၈ မှ ၂၅၅ အထိ မြေတိုင်း ရပ်ကွက်အမှတ် ၅၃၂ (B) ရှိ၊ မြေအကျယ် ၁.၂၈ ဧက (၅၁၈၀ စတုရန်းမီတာ) ကို နှစ် ၂၀ ငှားရမ်း၍ ယင်းမြေပေါ်တွင် စက်ရုံတည်ဆောက်၍ ပရိဘောဂ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။ မြေငှားရမ်းခအား နေ့ဖြင့် တစ်နှစ် လျှင်တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၁.၂၃၈ ဒေါ်လာနှုန်း ဖြင့် နှစ် ၂၀ ငှားရမ်းခကျပ် ၀.၇၆ သန်းကို မတည်ငွေရင်းအဖြစ် ထည့်ဝင်မည်ဖြစ်ပါသည်။ သက်တမ်း ကုန်ဆုံးပါက ကော်မရှင်၏ အတည်ပြုချက်ဖြင့် နောက်ထပ် နှစ် ၂၀ သက်တမ်းတိုးမြှင့်နိုင် ကြောင်း မြေငှားစာချုပ်တွင် ဖော်ပြထားပါသည်။

၄။ ဤလုပ်ငန်းမှ တံခါးမများ၊ တံခါးရွက်များ၊ တံခါးဘောင်များ၊ ကြမ်း ခင်းများ၊ ပုံစံချသစ်အလှပစ္စည်းများ၊ သစ်ပါးလွှာများ၊ ပရိဘောဂများ၊ ပရိဘော ဂအစိတ်အပိုင်းများကို ရာခိုင်နှုန်းပြည့် ပြည်ပသို့တင်ပို့ရောင်းချသွားမည်ဖြစ်ပါ သည်။ လုပ်ငန်းတွင်လိုအပ်မည့်သစ်ကုန်ကြမ်းများကို ပြည်တွင်းမှ ပင်ဝယ်ယူအသုံးပြုမည် ဖြစ်ပါသည်။

၅။ ဤလုပ်ငန်းမှ ပုံမှန်နှစ်များတွင် တံခါးများကို ခုရေ ၁၆၂၀၀ နှင့် ပုံစံကျဖြတ်ပိုင်းများကို တန်ချိန် ၁၉၂၀ တန်ထုတ်လုပ်မည်ဖြစ်ပါသည်။ ရောင်းဈေးနှုန်း များမှာ ပထမနှစ်တွင် တံခါးများ အုပ်စုအတွက် တစ်ချပ်လျှင် အမေရိကန် ဒေါ်လာ ၁၁၈ ဒေါ်လာနှုန်းဖြင့်လည်းကောင်း၊ ပုံစံကျဖြတ်ပိုင်းအုပ်စုအတွက် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၈၅၀ ဒေါ်လာနှုန်းဖြင့်လည်းကောင်း နှစ်စဉ် ၂ ရာခိုင်နှုန်းတိုးတက်၍ ရောင်းချမည်ဖြစ်ပါသည်။

၆။ ဤလုပ်ငန်း မှ တစ်နှစ်လျှင်ပျမ်းမျှ ရရှိမည့်ဝင်ငွေနှင့်အသုံးစရိတ် ခန့်မှန်း ခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

		အမေရိကန်ဒေါ်လာ (သန်း)
(က)	ဝင်ငွေ	၄.၇၁
(ခ)	အသုံးစရိတ်	၃.၆၃
(ဂ)	အသားတင်အမြတ်	၁.၀၈

၇။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ တစ်နှစ်ပျမ်းမျှ ဝင်ငွေခွန်အမေရိကန်ဒေါ်လာ ၀.၃၄ သန်း ရရှိမည်ဖြစ်ပါသည်။

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက်ပြည်တွင်းမှ ဝန်ထမ်း (၅၄) ဦး ခန့်ထား ဆောင်ရွက်မည်ဖြစ်ပါသည်။

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက်သစ်တောရေးရာဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံရာ သစ်အခြေခံအချောကိုင်လုပ်ငန်းအဖြစ်ထုတ်လုပ်မည့်အစီအစဉ်ဖြစ်ပါ၍ ကန့်ကွက်ရန်မရှိပါကြောင်းနှင့်လုပ်ငန်း ဆောင်ရွက်ရာတွင်လိုအပ်မည့်ကျွန်း သစ်နှင့်သစ်မာများ ကိုမူမြန်မာ့သစ်လုပ်ငန်းမှလစဉ်တင်ဒါဖြင့် ရောင်းချသည့်အခါတွင်လည်း ကောင်း၊ သစ်ခွဲသားများကိုမြန်မာ့သစ်လုပ်ငန်းမှ အခါအားလျော်စွာသတ်မှတ်ထားသည့် ဈေးနှုန်းဖြင့်လည်း ကောင်း ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့်သာ ဆောင်ရွက်ရန်လိုအပ် ကြောင်း ပြန်ကြား လာပါသည်။

၁၀။ ဤလုပ်ငန်းကို ဆောင်ရွက်ရာတွင်မြန်မာနိုင်ငံသားများသာလျှင်ပိုင်ဆိုင်သောလုပ်ငန်း ဖြစ်ပြီး နိုင်ငံခြားမှ မည်သူမျှပိုင်ဆိုင်မှုမရှိကြောင်းနှင့် မြေယာနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှပြဋ္ဌာန်းမည့်စည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာ ဆောင်ရွက်မည်ဖြစ် ကြောင်းကတိဝန်ခံချက် ပေးထားပါသည်။

၁၁။ မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ဆိုင်ရာကင်း လွတ်ခွင့်နှင့်သက်သာခွင့်များခံစားခွင့်ပြုရန် လျှောက်ထား လာပါသည်။ ဥပဒေပုဒ်မ ၁၂ အရစီး ပွား ရေးလုပ်ငန်းစတင် သောနှစ်အပါအဝင် တစ်ဆက်တည်း (၃) နှစ်အတွက် ဝင်ငွေခွန်ကင်း လွတ်ခွင့် ပေး ရမည်ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရအခွန်ဆိုင်ရာကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ အနက်လုပ်ငန်း နှင့်သင့် လျော်သည့်အခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစားခွင့်ပြုရန် ကော်မရှင်မှညှိနှိုင်း ဆုံး ဖြတ်ခဲ့ပါသည်။

၁၂။ <u>ဆုံး ဖြတ်ရန်အချက်</u>။

(က) ရွှေခြံ သျှိုးအင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက်မှ ပရိဘောဂထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်သဘောတူ - မတူ။

(ခ) လုပ်ငန်း ဆောင်ရွက်ရန်သဘောတူပါက မြန်မာနိုင်ငံသား များ ရင်းနှီး မြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန် ဆိုင်ရာကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ အနက်လုပ်ငန်း နှင့်ဝပ်လျဉ်း သည့်အခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစား ခွင့်ပြုရန်သဘောတူ - မတူ။

၁၃။ <u>ဒုတိယဝန်ကြီး ချုပ်ရုံး ၏ ထောက်ခံချက်။</u>

အစိုး ရအဖွဲ့၏ ဆုံး ဖြတ်ချက်ကိုနာခံအပ်ပါသည်။

[ဗိုလ်မှူး ချုပ် မောင် မောင်]
ဝန်ကြီး
ဒုတိယဝန်ကြီး ချုပ်ရုံး
နှင့်
အတွင်း ရေး မှူး
မြန်မာနိုင်ငံရင်း နှီး မြှုပ်နှံမှုကော်မရှင်။

<u>ပြည်ထောင်စုမြန်မာနိုင်ငံ တော်အစိုး ရအဖွဲ့။</u>

မ၁*၂၉/၁၁/၉၆။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
၆၅၃/၆၆၇၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့.

Telex 21368 INVEST BM
Fax : 095 - 01 - 82101

တယ်လီဖုန်း - ၇၂၀၀၉
- ၇၂၂၁၉
- ၇၂၈၇၀

စာအမှတ်ရက - ၆(ဂ)/၀၇၀/၀၇၆/၉၆(၁၂၈၁
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကော်မရှင်သို့အဆိုပြုတင်ပြလာသည့် ရွှေခြသေ့အင်တာနေရှင်နယ် (ဟိုးလ်ဒင်း) ကုမ္ပဏီလီမိတက်၏အဆိုပြုချက်တွင်ဥပဒေရေးရာကိစ္စရပ်များပါဝင်နေသဖြင့်သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။</u>

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ရွှေခြသေ့အင်တာနေရှင်နယ် (ဟိုးလ်ဒင်း) ကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်ရပ်ကွက်တွင် စက်ရုံတည်ထောင်၍ ပရိဘောဂထုတ်လုပ်ရောင်းချမှုလုပ်ငန်းကိုမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီလုပ်ကိုင်ခွင့်ပြုပါရန် ခွင့်ပြုမိန့်ရရှိရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့အဆိုပြုတင်ပြလာခြင်းဖြစ်ပါသည်။

၂။ အဆိုပြုတင်ပြလာသည့်ကိစ္စမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၁၉၉၆-၉၇ ခုနှစ်သုံး မြေပုံမှ ရေးကူးပေးသည့်မှန်ကန်ကြောင်းသက်သေခံမိတ္တူမြေပုံအရ ပါမစ်မြေအမျိုးအစားဖြစ်သည့် မြေကိုအမည်ပေါက်သောလူပုဂ္ဂိုလ် (၄) ဦးမှ နိုင်ငံခြားအလုပ်ထားသည့်အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့်အထက်ပါကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်သော ဦးဆက်ထွန်းအားလွှဲပြောင်း၍ ဦးဆက်ထွန်းမှယင်းမြေကိုတန်ဖိုးသင့်၍ ကုမ္ပဏီတွင်အစုရှယ်ယာထည့်ဝင်မည်ဖြစ်ပါသည်။

၃။ နောက်ဆုံးအဆိုပြုတင်ပြလာရာတွင် မြေကိုအမည်ပေါက်သူပုဂ္ဂိုလ် (၄) ဦးမှ ရွှေခြသေ့အင်တာနေရှင်နယ် (ဟိုးလ်ဒင်း) ကုမ္ပဏီလီမိတက်သို့ မြေငှားစာချုပ် (၄) ခုဖြင့်အငှားချထားမည်ဖြစ်ကြောင်းကိုစာချုပ် (၄) ခုဖြင့်ပူးတွဲတင်ပြလာသည်ကို တွေ့ရှိရပါသည်။

လျှို့ဝှက်

၄။ သို့ဖြစ်ပါ၍ သက်သေခံမိတ္တူ မြေပုံအရ အမည်ပေါက်သူများသည် အဆိုပါ ပါမစ်မြေအမျိုးအစားကို ဥပဒေနှင့်အညီတရားဝင်လွှဲပြောင်းခွင့်ရှိ-မရှိ၊ ပူးတွဲပါအထောက်အထားများသည် ဥပဒေနှင့်ညီညွတ်ခိုင်မာမှုရှိ-မရှိ ပူးတွဲတင်ပြလိုသည့် အထောက်အထားများအရ လုပ်ကိုင်ခွင့်ရှိ-မရှိ စသည့်ဥပဒေရေးရာကိစ္စရပ်များ အပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ဆက်လက်တင်ပြနိုင်ရေးအတွက် အဆိုပြုချက်(၂)စုံကို ပူးတွဲ၍ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး ။

ညွှန်ကြားရေးမှူးချုပ်၊
ရှေ့နေချုပ်ရုံး။

မိတ္တူကို-

(၁) ရုံးလက်ခံ။
(၂) မျှောစာတွဲ။

* ဇိန် ၂၆-၁၁-၉၆။

အထွေထွေအရပ်ရပ်-၁၆။

(ရုံးတွင်း စာအကျဉ်း ချုပ်သို့တည်း မဟုတ် စာကြမ်း ရေး ရန်အတွက်)

အကြောင်းအရာ။ ။ သဘောထား မှတ်ချက် တောင်းခံ ခြင်းကိစ္စ

အထက်ပါ အကြောင်းအရာ ပါကိစ္စနှင့် စပ်လျဉ်း၍ ရွှေခြင်္သေ့ အင်တာနေရှင်နယ် ဟိုးလ်ဒင်း ကုမ္ပဏီ လီမိတက်မှ မင်္ဂလာဒုံ မြို့နယ်၊ ပုလဲမြို့ [illegible] တည်ဆောက်ရန် [illegible] တင်ပြချက် အပေါ် သက်ဆိုင်ရာ ဌာနများ၏ [illegible] ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သဘောထား မှတ်ချက် တောင်းခံရန် "စာကြမ်း" ကို ရေးသားရ တင်ပြအပ်ပါသည်။

[signature]
၅-၁၁-၉၆

လ/ထ ညွှန်ကြားရေးမှူး

[signature] ၅/၁၁/၉၆

ဒု ညွှန်ကြားရေးမှူး

[signature] ၅/၁၁

စာချွန်တွင် လက်မှတ်ရေးထိုးနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

[signature]

ညွှန်ကြားရေးမှူး

[signature] ၆/၁၀

[illegible marginal note]

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
၆၅၃/၆၉၇၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့

Telex 21368 INVEST BM
Fax : 095 - 01 - 82101

တယ်လီဖုန်း - ၇၂၀၀၉
- ၇၂၂၁၉
- ၇၂၈၇၀

စာအမှတ်၊ ၃၈-၁/မ-၀၃၉/၉၆ (၁၁၇၉)။
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်။

အကြောင်းအရာ။ ။ __သဘောတူမှတ်ချက် တောင်းခံခြင်းကိစ္စ။__

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက် (SHWE CHINTHE INTERNATIONAL HOLDING CO.,LTD) မှ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်ရှိ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂ဘီ၊ မြေကွက်အမှတ် ၂၄၈မှ ၂၅၅အထိ စုစုပေါင်း မြေဧရိယာ (၁,၂၈) ဧကတွင် ပရိဘောဂစက်ရုံတည်ဆောက်၍ ပြည်တွင်းပြည်ပဈေးကွက်များသို့ ပရိဘောဂများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ကော်မရှင်သို့တင်ပြလျှောက်ထားလာပါသည်။ (__ပူးတွဲ__)

၂။ အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်မြေမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ အိမ်ခြံအသစ် ဆောက်လုပ်ရန် ပါမစ်ချပေးထားသော မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ဤကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ သဘောတူမှတ်ချက်ကို ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တွဲဖက်အတွင်းရေးမှူး (ကိုယ်စား)
(စိုးဝင်း၊ ညွှန်ကြားရေးမှူး)။

__ဝေငှ__
__ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။__

ပူးတွဲ (၁) အဆိုပြုချက်
(၂) ဘဏ္ဍာရေး အချက်အလက်များ နှင့်ပတ်သက်၍ တွက်ချက်မှု ဇယားများ
(၃) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)
(၄) စက်ရုံဆောက်လုပ်မည့်တည်နေရာ မြေပုံ။

*မ၆/၁၁/၉၆။

ရတ-၁/ မ-၁၇၉/ ၉၆ (၁၁၇၉)။
၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်။

အကြောင်းအရာ။ ။ သတ္တုသား မှတ်ပုံ တင်ခွင့်ပြုခြင်း ကိစ္စ။

၁။ အထက်ပါ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရွှေခြင်္သေ့ အင်တာနေ ရှင်နယ်ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက် (SHWE CHINTHE INTERNATIONAL HOLDING CO.,LTD) မှ ရန်ကုန်တိုင်း ၊ မင်္ဂလာဒုံမြို့နယ်၊ [illegible] ကွင်း ရပ်ကွက်အမှတ်-၁၃ ၂၀၊ မြေ ကွက်အမှတ် ၂၄၀၅ ၂၁၁ အထိ ရှိ ပေါင်း မြေဧရိယာ (၁.၂၀) ဧကအတွင်းပါရှိ သော ဂဝက် [illegible] ပြီး ပါ ရွေး ကွက်များ ထိုပရိ သော ဂဝများ [illegible] ချင်း လုပ်ငန်း ဆိုင်ရာ [illegible] ရင်း နှီး မြှုပ်နှံမှုဥပဒေ နှင့်အညီ သော [illegible] ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြ လျှောက်ထား လာပါသည်။ (ပူး တွဲ)

၂။ အဆိုပြုလုပ်ငန်း ၏ ရင်း နှီး မြှုပ်နှံမှုပြုလုပ်မည့် မြေမှာ ရန်ကုန်မြို့ တော် စည်ပင်သာယာ ရေး ကော်မတီမှ ပိုင်ဆိုင် သော လုပ်ကွက် ဖြစ်၍ ပေး ထားသော မြေ ဖြစ် ကြောင်း သိရှိ ရပါသည်။

၃။ ထို့ကြောင့် ဤကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေး ကော်မတီ၏ သဘောထား မှတ်ချက်ကို မြန်ကြား ပေး ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ညွှန်ကြားရေး မှူး (ကိုယ်စား)
(စီစဉ်း ၊ ညွှန်ကြား ရေး မှူး)။

ဦးစီး
ရန်ကုန်မြို့တော်စည်ပင်သာယာ ရေး ကော်မတီ။

ပူး တွဲ (၁) အဆိုပြုချက်
(၂) [illegible] ရေး အချက်အလက်များ နှင့်ပတ်သက်၍ထုတ်ပြန်မှု စာ များ
(၃) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)
(၄) စက်ရုံ တည်ဆောက်မည့်နေရာ မြေပုံ။

*ဘုဝ/၁၁/၉၆။

ကော်မရှင်

စာအမှတ်၊ ၇က-၁/မ-၁၇၄/၉၆(   )
ရက်စွဲ၊ ၁၉၉၆ ခုနှစ် နိုဝင်ဘာလ   ရက်။

အကြောင်းအရာ။ **"သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ"**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရွှေခြင်္သေ့ အင်တာနေရှင်နယ် ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက် (SHWE CHINTHE INTERNATIONAL HOLDING CO., LTD) မှ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်ရှိ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂ ဘီ မြေကွက်အမှတ် ၂၄၈ မှ ၂၅၅ အထိ စုစုပေါင်း မြေဧရိယာ (၁၀.၂၈) ဧကတွင် ပရိဘောဂစက်ရုံ တည်ဆောက်၍ ပြည်တွင်း ပြည်ပ ဈေးကွက်များသို့ ပရိဘောဂများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ [illegible] ဖက်စပ်၍ နှင့် ကနဦး ဆောင်ရွက်ခွင့်ပြုပါရန် ကော်မရှင်သို့ တင်ပြလျှောက် ထားလာပါသည်။ (ပူးတွဲ)

၂။ အဆိုပြုလုပ်ငန်း [illegible] ဖက်စပ်၍ ပြုလုပ်မည့်မြေမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ [illegible] ဆောက်လုပ်ရန် ပါမစ်ဖြင့် ချထားပေးသော မြေဖြစ်ကြောင်း သိရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သဘောထားမှတ်ချက်ကို ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တွဲဖက်အတွင်းရေးမှူး (ကိုယ်စား)
[ခင်ခင်ဝင်း၊ ညွှန်ကြားရေးမှူး]

ဥက္ကဋ္ဌ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပူးတွဲ(၁) အဆိုပြုချက်
(ယ) [illegible] နှင့် [illegible]
[illegible]
(ခ) ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်(မိတ္တူ)
(ဂ) [illegible]

4632
1/10/96

1/1893
11/10/96

1546
2.10.96

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ
သစ်တောရေးရာ ဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၂/၂၃၀(၈)(၂)/(၁၇၄၉ /၉၆)
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်

အ မှာ စာ

အကြောင်းအရာ။ ။ **သဘောထားမှတ်ချက် တောင်းခံခြင်း ။**

ရည်ညွှန်းချက်။ ။ မြန်မာနိုင်ငံရင်း နှီးမြှုပ်နှံမှုကော်မရှင်၏ ၁၈-၉-၉၆ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၀၇၉/၉၆(၀၈၈၁) ။

၁။ အထက်ရည်ညွှန်း စာပါ ရွှေခြ သို့အင်တာ နေရှင်နယ်ဖိုးလ်ဒင်းကုမ္ပဏီလီမိတက် မှ ရန်ကုန်တိုင်း ၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်တွင်ပရိဘောဂစက်ရုံတည် ဆောက် ပြီး ပြည်တွင်း ၊ ပြည်ပသို့ထုတ်လုပ်ဖြန့်ဖြူး ရောင်း ချလိုခြင်းလုပ်ငန်းမှာသစ်အခြေခံအဆော ကိုင်လုပ်ငန်း အဖြစ်ထုတ်လုပ်မည့်အစီအစဉ်ဖြစ်ပါ၍ ဝန်ကြီး ဌာနအ နေဖြင့်ကန့် ကွက် ရန်မရှိပါကြောင်း ပြန်ကြား အပ်ပါသည်။

၂။ အဆိုပါလုပ်ငန်း များ ဆောင်ရွက်ရာတွင်လိုအပ်မည့်ကျွန်း သစ်နှင့် သစ်မာ များ ကိုမူ မြန်မာ့သစ်လုပ်ငန်း မှလစဉ်တင်ဒါဖြင့် ရောင်း ချသည့်အခါတွင်လည်းကောင်း သစ်ခွဲသား များ ကိုမြန်မာ့သစ်လုပ်ငန်း မှအခါအား လျော်စွာသတ်မှတ်ထားသည့် ဈေး နှုန်း ဖြင့်လည်း ကောင်း ၊ ဝယ်ယူ၍ မိမိ၏အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါကြောင်း ဖော် ပြ အပ်ပါသည်။

ဒုတိယဝန်ကြီး ကိုယ်စား
(မောင်မောင် ဌေး ၊ ရုံး အဖွဲ့မှူး)

မြန်မာနိုင်ငံရင်း နှီး မြှုပ်နှံမှုကော်မရှင် ။

မိတ္တူ - ဦး ဆောင်ညွှန်ကြား ရေး မှူး ၊ မြန်မာ့သစ်လုပ်ငန်း ။
- ညွှန်ကြား ရေး မှူး ချုပ် ၊ သစ်တောဦး စီး ဌာန ။

လွင် * ၂၆၉၉၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ

သစ်တောရေးရာ ဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၂/၂၃၀(ဂ)(၂)/(၁၅၄၆ /၉၆)

ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်

အမှာစာ

အကြောင်းအရာ။ ။သဘောထားမှတ်ချက်တောင်းခံခြင်း ။

ရည်ညွှန်းချက်။ ။မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၈-၉-၉၆ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၀၇၉/၉၆(၀၀၈၁)။

၁။ အထက်ရည်ညွှန်းစာပါ ရွှေခြံသို့အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်တွင် ပရိဘောဂစက်ရုံတည်ဆော ပြည်တွင်း၊ ပြည်ပသို့ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလိုခြင်းလုပ်ငန်းမှာ သစ်အခြေခံ ကိုင်လုပ်ငန်းအဖြစ်ထုတ်လုပ်မည့်အစီအစဉ်ဖြစ်ပါ၍ ဝန်ကြီးဌာနအနေဖြင့်ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုအပ်မည့်ကျွန်းသစ်နှင့် သစ်မာများကိုမူ မြန်မာ့သစ်လုပ်ငန်းမှလစဉ်တင်ဒါဖြင့် ရောင်းချသည့်အခါတွင်လည်းကောင်း၊ သစ်ခွဲသားများကိုမြန်မာ့သစ်လုပ်ငန်းမှအခါအားလျော်စွာသတ်မှတ်ထားသည့်ဈေးနှုန်းဖြင့်လည်းကောင်း၊ ဝယ်ယူ၍ မိမိ၏အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်းဖော်ပြ အပ်ပါသည်။

ဒုတိယဝန်ကြီးကိုယ်စား

(မောင်မောင်ထွေး၊ ရုံးအဖွဲ့မှူး)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ။

မိတ္တူ - ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း။

- ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
၆၅၃/၆၉၇၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့.

Telex 21368 INVEST BM
Fax : 095 - 01 - 82101

တယ်လီဖုန်း - ၇၂၀၀၉
- ၇၂၂၁၉
- ၇၂၈၇၀

စာအမှတ်၊ ရက- ၁/မ-၀၇၉/၉၆(၁၈၈၁)၊
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်။

အကြောင်းအရာ။ ။<u>သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ</u>။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရွှေခြင်္သေ့အင်တာနေရှင်နယ်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက် (SHWE CHINTHE INTERNATIONAL HOLDING CO., LTD.) ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်ရှိ မြေတိုင်းရပ်ကွက်အမှတ်- ၅၃၂ဘီ၊ မြေကွက်အမှတ် ၂၄၈မှ ၂၅၅အထိစုစုပေါင်း မြေဧရိယာ(၁.၂၈)ဧကတွင် ပရိဘောဂစက်ရုံတည်ဆောက်၍ပြည်တွင်းပြည်ပ ဈေးကွက်များသို့ပရိဘောဂများထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကိုမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုပါရန်၎င်းကော်မရှင်သို့တင်ပြလျှောက်ထားလာပါသည်။ (<u>ပူးတွဲ</u>)

၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းအခန်း(၃)၊ အပိုဒ်- ၁၁ ပါပြဋ္ဌာန်းချက်နှင့်အညီအဆိုပြုချက်ကိုစိစစ်ရာတွင်သက်ဆိုင်ရာအဖွဲ့အစည်းများ၏သဘောထားများကို တောင်းခံရယူရန်လိုအပ်ပါသဖြင့်အဆိုပြုချက်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ သစ်တောရေးရာဝန်ကြီးဌာန၏သဘောထားမှတ်ချက်ကိုပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒုဥက္ကဋ္ဌ (ကိုယ်စား)
ဖွဲ့ဖက်အတွင်းရေးမှူး (ကိုယ်စား)
[စိုးဝင်း၊ ညွှန်ကြားရေးမှူး]

<u>ပို့အပ်မှူး၊</u>

<u>သစ်တောရေးရာဝန်ကြီးဌာန</u>။

ပူးတွဲ(၁) အဆိုပြုချက်
(၂) ဘဏ္ဍာရေးအချက်အလက်များနှင့်ပတ်သက်၍ တွက်ချက်မှုဇယားများ
(၃) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ)
(၄) စက်ရုံဆောက်လုပ်မည့်တည်နေရာမြေပုံ။

[illegible]

လဝက-၁/မ-၀၅၉/ ၉၆(၀၈၈၁)၊
၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်။

အကြောင်းအရာ။ ။ သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ။

၁။ အထက်ပါ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရွှေမြို့တော်ဝင်ကာ စေ့စပ်နယ်ပိုးလိုင်းကုမ္ပဏီလီမိတက် (CHINA CHINESE INTERNATIONAL HOLDING CO., LTD.) ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်ရှိ မြေတိုင်းရင်းရွှေကွက်အမှတ်-၁၃၂၅၊ မြေကွက်အမှတ် ၂၄၀၉၂၁၁ အထိရှိ ပေါင်း မြေဧရိယာ (၁.၂၈) ဧကတွင် ပရိုဂရမ်ဆော့ဖ်ဝဲ ဆောက်လုပ်ပြည့်စုံပြီး ဈေးကွက်များသို့ပင် ဆောင်ရွက်လုပ်ကိုင်ခြင်း ရေးချဲ့ခြင်းလုပ်ငန်းတို့မှ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်လျှင်ခွင့်ပြုပါရန် ရှိ၍ ဖော်ပြပါ ပူးတွဲပါ တင်ပြအပ်ပါသည်။ (ပူးတွဲ)

၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ စည်းမျဉ်းလုပ်ထုံး လုပ်နည်းအခန်း(၃)၊ အပိုဒ်-၁၀ပါ မြန်မာနိုင်ငံနှင့်အညီ ပိုမြန်ကို စိစစ်ရာ တွင်သက်ဆိုင်ရာ ဌာနအကြီးများ၏ သဘောထားများကို တောင်းခံရယူရန်လိုအပ်ပါ သဖြင့်အထိုပြုချက်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ သင်္ဘော ရေးရာ ဝန်ကြီးဌာန၏သဘော ထားမှတ်ချက်ကို ဖြန့်ဝေ ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ညွှန်ကြားရေးမှူး (ကိုယ်စား)
[စီမံပေး၊ ရွှေ [illegible] ရေးမှူး]

မိတ္တူကို -
သင်္ဘော ရေးရာ ဝန်ကြီးဌာန။

ပူးတွဲ(၁) အဆိုပြုချက်
(၂) အစုရှယ်ယာရှင်များနှင့်ပတ်သက်၍ ချက်ချက် မှုဝေစာရင်းများ
(၃) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)
(၄) စက်ရုံ တောင်လုပ်မည့်အကြောင်း မြေပုံ။

= ဝိနိ၁၀-၉-၉၆။